# 2021 နွေရာသီ ဝက်ဘ်ဆိုက်ရင်းမြစ်များ

နွေရာသီအတွင်း ရပ်ရွာအသိုက်အဝန်းအဖွဲ့ဝင်များ ရင်းမြစ်များကို ကြည့်ရှုနိုင်မည့် ဝက်ဘ်ဆိုက်များ

## မိသားစုနှင့် ရပ်ရွာအသိုက်အဝန်းဆိုင်ရာ ရင်းမြစ်များ

ဒင်းဗားအစိုးရကျောင်းများ (DPS) အစီအစဉ်များ၊ ရင်းမြစ်များနှင့် မိသားစုများအတွက် ပံ့ပိုးမှု။ ရပ်ရွာအသိုက်အဝန်းအဖွဲ့ဝင်များထံမှ DPS ကြားသိခဲ့ရသော လိုအပ်ချက်ကို အခြေခံ၍ ဖော်ဆောင်ထားသည့် လမ်းညွှန်တစ်ခုဖြစ်သည့် 2021 နွေရာသီရင်းမြစ်လမ်းညွှန်ကို ဤနေရာတွင် ကြည့်ရှုနိုင်ပါသည်။

https://equity.dpsk12.org/family-resources

## မိသားစုများနှင့် ရပ်ရွာလူထုထိတွေ့ချိတ်ဆက်ရေး (FACE) -

FACE သည် DPS အသိုက်အဝန်းရှိ လူတိုင်းအတွက် ၎င်းတို့ဘဝခရီးအတွင်း မည်သည့်အချိန်တွင်မဆို ရင်းမြစ်များ၊ အချက်အလက်များ၊ ပညာရေးနှင့် ပံ့ပိုးမှုများကို ရယူကြည့်ရှုနိုင်ရန် ပံ့ပိုးပေးပြီး ကျွန်ုပ်တို့ကျောင်းခရိုင်၏ ကျောင်းသား 93,000 နှင့် ၎င်းတို့၏ မိသားစုကို ပံ့ပိုးပေးလျှက်ရှိပါသည်။

https://equity.dpsk12.org/family-and-community-engagement

## ဒင်းဗားမြို့တော်လူငယ်အစီအစဉ်ရှာဖွေရေးကိရိယာ

ကျောင်းအားလပ်ချိန်များအတွင်းနှင့် စနေ၊ တနင်္ဂနွေနေ့များမှာပင်လျှင် ကလေးငယ်များအား ကျောင်းချိန်မတိုင်မီ သို့မဟုတ် ကျောင်းချိန်ပြင်ပတွင် အန္တရာယ်ကင်းစွာ တက်တက်ကြွကြွ ထိတွေ့ဆောင်ရွက်ရန် တွဲခေါ်ပေးသည့် အွန်လိုင်းနှင့် လူကိုယ်တိုင်တက်ရောက်ရေး အစီအစဉ်များကို ရှာဖွေနိုင်ရန် ဒင်းဗားလူငယ်အစီအစဉ်ရှာဖွေရေးကိရိယာကို အသုံးပြုပါ။

https://www.denvergov.org/youthprogramlocator

## နွေရာသီအစားအစာ ဝန်ဆောင်မှု အစီအစဉ်

နွေရာသီအစားအစာ ဝန်ဆောင်မှု အစီအစဉ်သည် ကိုလိုရာဒိုပြည်နယ်ရှိ လူငယ်များအတွက် နွေရာသီတစ်လျှောက်လုံး အခမဲ့ နံနက်စာ၊ နေ့လယ်စာ၊ သွားရေစာနှင့် ညစာများ ပံ့ပိုးပေးပါသည်။ နွေရာသီတစ်လျှောက်လုံးတွင် အသက် 18 နှစ်နှင့်အောက် မည်သူမဆို အစားအစာကျွေးမွေးသည့် နေရာများတွင် အစာစားသုံးနိုင်ပါသည်။

https://www.cde.state.co.us/nutrition/summerfoodserviceprogram